ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

သီပေါမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ်)

# (Village Development Project)

# မန်ခိုင်းဆီထောက်ကျေးရွာအုပ်စု၊ နမ့်ဟုတ်ကျေးရွာ

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

နမ့်ဟုတ်ကျေးရွာ၊ သီပေါမြို့နယ်

(သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၂၃ခုနှစ်၊ ဇန်နဝါရီလ

မာတိကာ

မာတိကာ ၁
နိဒါန်း ၅
**နမ့်ဟုတ်ကျေးရွာ သယံဇာတပြမြေပုံ၊ သီပေါမြို့နယ်**
**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်**
**(၁) နိဒါန်း-ကျေးရွာဖွံ့ဖြိုးရေး ရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု**
(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု
**(၂) ကျေးရွာ၏ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ** ၇
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား
(ခ) သဘာဝအရင်းအမြစ်များ
**(၃) ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ** ၈
(က) လူဦးရေဆိုင်ရာ အချက်အလက်များ
(ခ) စီးပွားရေးအခြေအနေ ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု
(ဃ) ကျန်းမာရေးနှင့် အာဟာရ
(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ
(စ) ကျား/မ ရေးရာဆိုင်ရာကိစ္စ
**(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှု အခြေအနေ** ၁၀
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်
(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ
(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ
(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု
(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု
(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး
(ဆ) လူငယ်နှင့် ယဉ်ကျေးမှု
**(ဇ) အခြေခံအဆောက်အဦများအား လက်လှမ်းမီမှု- လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**
**(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး**
**(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ** ၁၅
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

**(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ**

**(၇) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့်ကိစ္စများ**

**(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ**

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း

(ဂ) ဦးစားပေးစီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

**(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ်**

**(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

**(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ**

**(၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း** ၂၆

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာအကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ(၁) စီမံကိန်းဇယားများ**

**(၁) လူမှုစီးပွားရေးအခြေအနေ**

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

(၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား

(၃) လုပ်ငန်းနှင့် ကျား-မ အလိုက် အနည်းဆုံးနှင့် အများဆုံးလုပ်အားခနှုန်းထား

(၄) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

(၅) ဓါတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

(၆) ဥစ္စာဓနအဆင့် အခြေအနေ

(၇) ချေးငှားခြင်းမရှိပဲ တစ်နေ့လျှင် အနည်းဆုံးနှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ

(၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

(၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

(၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်အခြေအနေ

**(၂) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ**

ဇယား(၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

(၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

(၁၃) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

(၁၄) ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ

(၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

(၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

(၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

(၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

(၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

(၂၀) မွေးမြူရေးကဏ္ဍထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

(၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

(၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

**(၂၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း ပြဿနာနှင့် အခက်အခဲများ**

**(၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့်အချိန်ကာလ**

**(၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိကအကြောင်းရင်း**

**(၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ**

**(၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ**

**(၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း**

**(၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ**

**(၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း**

**(၃၁) ကျောင်းတတ်နှုန်း**

**(၃၂) စာသင်ကျောင်းဆောင်နှင့် ဝန်ဆောင်မှုများ အခြေအနေ**

**(၃၃) ပညာရေးအခက်အခဲနှင့် ပြဿနာများ**

**(၃၄) အဖြစ်များသောရောဂါများ**

**(၃၅) လွန်ခဲ့သော(၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု**

**(၃၆) ကျန်းမာရေးအထောက်အပံ့နှင့် ဝန်ဆောင်မှုများ**

**(၃၇) သောက်သုံးရေ ရရှိနိုင်မှု**

**(၃၈) အိမ်သာအမျိုးအစား**

**(၃၉) ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ**

**(၄၀) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ**

(၄၁) ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ

(၄၂) ရေကြောင်းသယ်ယူပို့ဆောင်ရေး

(၄၃) သယ်ယူပို့ဆောင်ရေးယဉ်များ

(၄၄) လျှပ်စစ်မီးရရှိမှုအခြေအနေ

(၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာအခြေအနေ

(၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ

(၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

(၄၈) မှူခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အပံ့ဖြစ်စေမည့်

အခြေအနေကောင်းများ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးကွင်းစက် (ပြဿနာဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ) ကိုးကားစာရင်း

## အပိုင်း(က)

## ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

### ၁။ နိဒါန်း

### (က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို နိုင်ငံတော်၏အကူအညီဖြင့်ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက်ကျေးရွာ၏ဖွံ့ဖြိုးရေး ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန်လိုအပ် သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုး ဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန်ကျွန်ုပ်တို့ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံကိန်းများကိုရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန်လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများ ကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာ ဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုကို သိရှိစေရန် မျှော်လင့်ပါသည်။

**နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိက ကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၄င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ၊ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာ နိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ(NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ(CSOs)နှင့်အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၄င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေး ဆိုင်ရာအဖွဲ့အစည်းများ(ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်း များနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၄င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းများကို မြို့နယ်အဆင့်တွင် ပေါင်းစည်းညှိနှိုင်း စီစဉ်မှုများ ပြုလုပ်လာနိုင်ပါမည်။

## (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်း ဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင်လူထုကိုအဓိကနေရာထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ ဖွဲ့စည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့်အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျွန်ုပ်တို့ကျေးရွာသည် သီပေါမြို့နယ်မှ (၃၃)မိုင်ခန့်ဝေးကွာပြီး အုပ်ချုပ်ရေးရုံးစိုက်ရာ သီပေါမြို့နှင့် ဆက်သွယ်သွားလာရာတွင်အလွန်ခက်ခဲပါသည်။ ကျေးရွာသည်တောင်ပေါ်ဒေသတွင်တည် ရှိပြီး အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ ဒေသ၏တစ်နှစ် ပျှမ်းမျှမိုးရေချိန်လက်မမှာ (၄.၄၃)မှ(၄.၅၈) ဝန်းကျင်တွင်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းအတွက် အသင့် အတင့်အထောက်အကူပြုပါသည်။ ကျွန်ုပ်တို့ကျေးရွာတည်ရှိရာသည် တောင်ပေါ်ဒေသတွင် တည်ရှိပြီး ဆားငန်ရေဝင်ရောက်မှု၊ရေကြီးလွှမ်းမိုးမှုတို့မှကင်းလွတ်ပါသည်။ကျေးရွာအနီးတွင် တောတောင်၊ မြစ် ချောင်းများရှိပြီးမြေပြင်အနေအထားမှာတောင်ပေါ်ဒေသဖြစ်သည်။ လယ်ယာမြေများသည်စပါး၊ပြောင်း၊နာနတ်စိုက်ပျိုး ထုတ်လုပ်ရန်နှင့် အသက်မွေးဝမ်းကျောင်းရန်တို့အတွက် အဓိကအားထားရာဖြစ်သည်။

### (ခ) သဘာဝအရင်းအမြစ်

လယ်ယာမြေအသင့်အတင့်ရှိကြပြီး တောင်ပေါ်ဒေသဖြစ်ကာ မြေဆီအသင့်အတင့် ကောင်းမွန်သည်။ ကျေးရွာတွင် သဘာဝသယံဇာတမထွက်ရှိပါ။ တောင်သူအားလုံးသည် စိုက်ပျိုးမြေလယ် မြေဧက **(၂၁၆၁)**ခန့်အတွက် စိုက်ပျိုးရေအဖြစ် သဘာဝမိုးရေကိုသာအားထား၍ တွက်ချက်စိုက်ပျိုးရပါသည်။ မြေ အောက်ရေအသုံးပြုမှု အနေဖြင့် အဝီစိတွင်းရေ တစ်တွင်းသာရှိပြီး သဘာဝစိမ့်စမ်းရေကိုသာ သောက်သုံးရေအဖြစ် သုံးစွဲရပါသည်။ ထွန်ယက်စိုက်ပျိုးနိုင်သည့် **ဧက(၂၁၆၁)**ရှိပြီး စပါးနှင့်ပြောင်းတို့ကို အဓိကစိုက်ပျိုးကြသည်။

## ၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၇၅)စုနှင့် ကျား(၁၇၁)၊ မ(၁၇၉)ဦးဖြင့် လူဦးရေပေါင်း (၃၅၀)ဦး ရှိကာ တစ်အိမ်ထောင်လျှင်ပျှမ်းမျှ(၄)ဦးနှုန်းရှိပြီး နိုင်ငံတော်၏တစ်အိမ်ထောင်စုပျှမ်းမျှနှုန်း (၅) ထက်ရှိလျော့နည်းနေပြီး ကျေးရွာတွင် ရှမ်းလူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သောအရွယ်သည် ကျေးရွာရှိလူဦးရေ ပေါင်း၏ (၇၂%)ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်း တစ်ရပ်ဖြစ်ကာလူငယ်များကို လေ့ကျင့်သင် ကြားပေးပြီး ဒေသစီးပွားရေးတိုးတက်အောင် စွမ်းဆောင်နိုင်သည်။

### (ခ) စီးပွားရေးအခြေအနေ- ဝင်ငွေ ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာတွင် အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေအနေအထားမှာ သာမန်အားဖြင့်လျော့နည်းသည်။ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ (၈၀%)သည် အလယ်အလတ်အဆင့်ရှိပြီး ချမ်းသာသောအိမ်ထောင်စုသည်(၂၀%)အဆင့်ရှိသည်ဟု သတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု လက်လှမ်းမီမှုနှင့် လယ်သုံးစက်ကိရိယာများ သုံးစွဲနိုင်ခြင်းကြောင့် ကျေးရွာစီးပွားရေးအနေအထားမှာ အသင့်အတင့်ကောင်းသည်ဟုဆိုနိုင်ပါသည်။ ချမ်းသာသောလယ်သမားအိမ်ထောင်စုများအပြင်အခြားလယ်သမားအိမ်ထောင်စုအများစုမှာ လက်တွန်းထွန်စက်၊ မြက်ရိတ်စက်စသော စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်ကြပါသည်။ ဥစ္စာဓနအဆင့် (၃)မျိုး

တွင်မြေယာအနည်းငယ်သာပိုင်ဆိုင်သောအလွန်မပြေလည်သည့်လယ်သမားအိမ်ထောင်စုအရေအတွက် အများဆုံးဖြစ်သည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု**

မြေယာအနည်းငယ်သာ ပိုင်ဆိုင်သော အလွန်မပြေလည်သည့် လယ်သမားအိမ်ထောင်စုများ ပြားသော်လည်း မိမိတို့ပိုင်မြေများတွင် တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ကာ အဆင်ပြေ ကြပါသည်။ ကျေးရွာမှဆင်းရဲသော အိမ်ထောင်စုများ၏ (၂၀%)ဖြစ်သော အိမ်ထောင်စု (၃၀)စုကို လေ့လာဆန်းစစ်မှုအရ (၂၀%)မှာ(၃)လမှ(၆)လခန့်နှင့် (၂၀%)မှာ(၆)လမှ(၁၂)လခန့် ချေးယူ ထောက်ပံ့မှုမယူဘဲနပ်မှန်စွာ စားသုံးနိုင်ကြသည်ကိုတွေ့ရှိရပါသည်။ အကြွေးတင်ရှိမှုတို့တွင် တွေ့ဆုံခဲ့ သောအိမ်ထောင်စု အားလုံးသည်အကြွေးငွေကျပ်သုံးသိန်း(၁၀၀၀၀၀/-) မှ ကျပ်နှစ်သန်း(၂၀၀၀၀၀၀/-) အထိ တင်ရှိနေကြသည်။

အိမ်ထောင်စုအားလုံး၏(၀.၁၁%)သည် အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ ဖြစ်ကြပြီး ထိုအိမ်ထောင်စုများမှာ ဆင်းရဲကာ မိသားစုဦးရေများပြားကြသည်။ အလားတူမုဆိုးဖို၊ တစ်ခုလပ် ဦးဆောင်သော အိမ်ထောင်စု (၇)စုသည် ဆင်းရဲသည့် ထိခိုက်လွယ်သာအိမ်ထောင်စုများဖြစ်ကြသည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ငှက်ဖျား ရောဂါအချို့နှင့် ကလေးငယ်အချို့တွင် အာဟာရမပြည့်ဝသည်ကို အနည်းငယ်မျှတွေ့ရှိရပါသည်။ ဝမ်းပျက် ဝမ်းလျှောရောဂါဖြစ်ပွားမှုကိုလည်း တွေ့ရှိရပါသည်။ ကူးစက်ရောဂါများကား မတွေ့ရှိရပေ။ သွေးတိုး ရောဂါနှင့်ဆီးချိုရောဂါများ ပိုမိုဖြစ်ပွားမှုရှိကြောင်းတွေ့ရပါသည်။ ကျေးရွာသည် ကျန်းမာရေး အရေးပေါ်ကိစ္စဖြစ်လျှင် မြို့နယ်ပြည်သူ့ဆေးရုံဖြစ်သည့် သီပေါမြို့နှင့် ဆေးဝယ်ယူရာတွင် လက်လှမ်းမီ သော်လည်း (၂၁)မိုင်ခန့်ခရီးသွားရပါသည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျေးရွာတွင် ပညာရေးအဆင့်အတန်းများ အလွန်နိမ့်ကျသည်ကိုတွေ့ရှိရပါသည်။ ရေးတတ်၊ ဖတ်တတ်သူဦးရေများကိုသာတွေ့ရှိရပြီးဘွဲ့ရပညာတတ်များ၊ အထက်တန်းပညာပြီးမြောက်သောသူများ မတွေ့ရပါ။ ကျေးရွာတွင် အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုများ အသင့်အတင့်ရှိပြီး လူငယ်လူရွယ် များ အတွက် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးဆဲ ဖြစ်သည်ကို တွေ့ရပါသည်။

**(စ) ကျား၊ မ ရေးရာကိစ္စ**

ကျေးရွာတွင် ကျား၊ မ ရေးရာကိစ္စ အနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား၊ မ ရေးရာဆိုင်ရာ တာဝန်ယူမှုအပိုင်းမှာလည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထားကြ သည်။ ကျေးရွာတွင် ကျား၊ မအကြား ပြင်းထန်သောအိမ်တွင် အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စ များ မတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် နယ်ပယ်အသီးသီးတွင် အခွင့်အရေး တူညီစွာ ရနေကြသည်ကို တွေ့မြင်ရပါသည်။ သို့သော် ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရရှိကြသည်။ ဥပမာအားဖြင့် သဘာဝလုပ်အားနှင့် အားအင်စိုက်ထုတ်ရမှု

တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက်လုပ်အားလျော့နည်းပြီး ရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်း များနှင့် ဖွံ့ဖြိုးရေးအပိုင်းမှာ အမျိုးသမီးများပါဝင်မှု အလွန်လျော့နည်းလျက်ရှိပါသည်။ ကျား၊ မ တန်းတူ ညီမျှမှုနှင့် ပတ်သက်၍ အသိပညာပေးခြင်းများ မြှင့်တင် ဆောင်ရွက်ပေး ခြင်းဖြင့် ကျား၊ မ တန်းတူ ညီမျှ မှု ဖွံ့ဖြိုးမှု တို့အတွက် ပိုမိုအထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

## ၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု

ကျေးရွာတွင် ရှမ်းလူငယ်အဖွဲ့(၁)ဖွဲ့၊ ရပ်ရွာလုံခြုံရေးနှင့်ကာကွယ်ရေးအဖွဲ့(၁)၊ လူမှုရေးအဖွဲ့(၁)ဖွဲ့ စုစုပေါင်း (၃)ဖွဲ့သာရှိပါသည်။ ရှမ်းစာပေနှင့် ယဉ်ကျေးမှုတို့မှ လာရောက်ဖွဲ့စည်းပေးသော ဝုန်းမေတ္တာ ငွေစု ငွေချေးအဖွဲ့နှင့် Pact Myanmar အဖွဲ့(၁)ရှိပြီး ပြင်ပအဖွဲ့အစည်းများ ဝင်ရောက်မှုနည်းပါးသောကြောင့် တစ်ဖွဲ့နှင့် တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှု သဘောထားဆိုင်ရာနှင့်ပတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်းများ စွမ်းဆောင်မှု သင်တန်းများရရှိပါက ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုပိုမိုတိုးတက် ကောင်းမွန် လာနိုင် ပါသည်။

### (ခ) သီးနှံ၊ သား၊ ငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင်ပြောင်းနှင့်စပါး၊ ပဲပုတ်ကိုသာ အဓိကထားစိုက်ပျိုး ကြပါသည်။ အများဆုံး (၁)ဧကအထွက် နှုန်းများမှာ ပြောင်း (၂၀) အိတ်နှင့် စပါး(၃၀)တင်း၊ပဲပုတ် (၁၀)အိတ်တို့ဖြစ်ပြီး အနည်းဆုံးအထွက်(၁)ဧကအထွက်နှုန်းမှာ ပြောင်း (၁၅) အိတ်နှင့် စပါး(၁၈)တင်း၊ပဲပုတ် (၅)အိတ်တို့ ထွက်ရှိကြပါသည်။

ပြောင်းများကို သဘာဝမိုးရေများဖြင့် စိုက်ပျိုးကြရသည်။ စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးပစ္စည်း၊ ကုမ္ပဏီများမှလည်းတောင်သူများအတွက် ဝန်ဆောင်မှုများပေးပါသည်။ တောင်သူအများစုသည် လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမားမလုံလောက်မှုပြဿနာကိုရင်ဆိုင်ရတတ်ပြီး လုပ်အားခ ပိုမိုပေးမှ အလုပ်သမားများကိုငှားရန်ရရှိနိုင်ကြကာ ကုန်ကျစရိတ်မြှင့်မားရသည်။ အချို့ တောင်သူများ မှာ အလုပ်သမားရှားပါးမှုနှင့် ငွေကြေးမတတ်နိုင်ခြင်းတို့ကြောင့် အချိန်မီ မစိုက်ပျိုး နိုင်ကြသည်ကိုတွေ့ရှိရပါသည်။ တစ်ခါတစ်ရံ ရာသီဥတုဖောက်ပြန်မှုကြောင် အခက်အခဲများနှင့် ရင်ဆိုင် ကြရသည်။

ကျေးရွာတွင် မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စုများ မရှိပါ။သို့သော်မိထောင်စုတွင် တနိုင်တပိုင် စားသုံးရန်အတွက်သာ မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။

### (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်း

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်း အနည်းငယ်ရှိပါသည်။ အခြားဝင်ငွေရ လုပ်ငန်းများမှာ နေ့စားအလုပ်များ၊သယ်ယူပို့ဆောင်ရေးလုပ်ငန်းများရှိပါသည်။ စိုက်ပျိုးရာသီများတွင်သာ လက်လုပ်လက်စားများရှိပြီး ကျန်အချိန်များတွင် ဝင်ငွေနှင့်ထွက်ငွေ မကိုက်ညီမှုများ ရှိပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သောလူဦးရေများပြားပြီး ထိုအခြေအနေမှာ ကျေးရွာ၏အလား အလာကောင်းတစ်ရပ်ဖြစ်သည်။ မြို့ပေါ်တွင် အသက်မွေးဝမ်းကျောင်းပညာနှင့် ဝန်ဆောင်မှုပေးနိုင်သော လုပ်ငန်းများ ရှိပါသည်။ ဥပမာ-အပ်ချုပ်၊ ဆံပင်အလှပြင်၊ မော်တော်ဆိုင်ကယ်ပြုပြင်၊ မိုဘိုင်းဖုန်း ပြင်၊ ကားဝပ်ရှော့စသည်တို့သည်အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖြစ်သော်လည်းရွာသားအများစုသည်အဆိုပါသင်တန်း များနှင့် ထိတွေ့မှုနည်းပါးကြသည်။ လုပ်ငန်းခွင်သုံး ပညာအရည်အချင်းပိုင်းတွင် လည်း အနည်း

ငယ်နိမ့်ကြပြီး သင်တန်းစရိတ်အကုန်ကျခံရန်နှင့် လုပ်ငန်းထူထောင်ရန်လည်း မတတ် နိုင်ကြပေ။ ငွေကြေး အဆင်ပြေသော မိသားစုတစ်ချို့သာ ဝပ်ရှော့(စက်ပြင်)စသော သင်တန်းများ သို့ အခကြေး ငွေအကုန်အကျ ခံကာ သင်ကြားစေပါသည်။

## (ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင် ပိုးသတ်ဆေး၊ ပေါင်းမြက်သတ်ဆေး၊ ဓါတုမြေသြဇာသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဘက်စုံပေါင်းမြက်နှိမ်နင်းဆေးကိုသာ အသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း (ဥပမာ-ပလစတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဖူးခွံများ)ကိုစနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်ပါသည်။ ကျေးရွာသည် တောင်ပေါ်ဒေသဖြစ်ခြင်းကြောင့် ရေကြီးရေလျှံခြင်းများ၊ လေပြင်းဒဏ်နှင့် မုန်တိုင်းဒဏ်မကျရောက်ပါ။ အခါအားလျော်စွာ မိုးခေါင်ခြင်းက သဘာဝအန္တရာယ်တစ်ခုသာ ခံစားကြရပါသည်။ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပြို၊ တောင်ပြိုခြင်းများလည်း မရှိပါ။

## (င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျေးရွာမှ တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှထုတ်ချေးသော ချေးငွေကို အတိုးနှုန်း (၀.၈%)ဖြင့် လယ်(၁)ဧကလျှင် (၁)သိန်းနှင့် တောင်ယာ(၁)ဧကလျှင် (၅၀၀၀၀/-) နှုန်းဖြင့် ထုတ်ချေးနိုင်ကြသည်။ ဝုန်းမေတ္တာလူမှုအဖွဲ့အစည်းမှလည်း အတိုးနှုန်း (၂.၅%) ဖြင့် စုငွေပေါ်မူတည်၍ လိုအပ်သလို ထုတ်ချေးနိုင်ကြသည်။ ကျေးရွာသူ/သားအများစုသည် ချေးငွေကို အကြောင်းမျိုးစုံ(ရိက္ခာ၊ ကျန်းမာရေး၊ စားသုံးရန်)တို့နှင့် စိုက်ပျိုးရေးလုပ်ငန်းတွင်အသုံးပြုရန်အတွက် အသုံးပြုကြသည်။ လေ့လာဆန်းစစ်မှုများအရ ဆင်းရဲသောအိမ်ထောင်စုသည် အကြွေးတင်ရှိမှု(၃)သိန်းမှ ကျပ်(၂၀)သိန်းအထိ ချေးယူထားကြောင်း တွေ့ရှိရသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စုများမှာလည်းထွန်ယက်စိုက်ပျိုးရန်မျိုးစေ့၊ မြေသြဇာနှင့် လုပ်သားငှားရန်အတွက် ချေးငွေများချေးယူ၍ လုပ်ဆောင်နေကြရသည်။

## (စ) ပညာရေးနှင့် ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလွန်တန်းကျောင်းဆောင်ရှိပါသည်။ မူလွန်တန်းကျောင်းမှလွန်သော် အလယ်တန်းကျောင်းအဆင့်ဖြင့် အုပ်စုကျေးရွာဖြစ်သောမန်ခိုင်းဆီထောက်ကျေးရွာနှင့်သီပေါမြို့နယ်ရှိ ကျောင်းများသို့ သွားရောက်သင်ယူကြရပါသည်။ ကျေးရွာတွင် စာမတတ်သူဦးရေ (၇၃)ဦးခန့် ရှိပါသည်။ လက်ရှိကျောင်းတက်နေသော ကျောင်းသား/သူဦးရေမှာ ကျေးရွာတွင် (၇၀)ဦးခန့် ကျေးရွာနှင့်မြို့ပေါ်ကျောင်းများတွင် ပညာသင်ကြားနေကြပါသည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းမရှိပါ။ ရွာသူ/သားများအတွက် ကျန်းမာရေးဝန်ဆောင်မှုများမရှိပါ။ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် (၁)မိုင်ခန့်ကွာဝေးပါသည်။မြို့နယ် ပြည်သူ့ဆေးရုံနှင့်(၁၀)မိုင်ခန့်ကွာဝေးပါသည်။ ကျေးရွာတွင် အရံသားဖွား (သင်တန်းဆင်း) မရှိပါ။ ထို့ကြောင့် ကျန်းမာရေးဝန်ဆောင်မှုများ ကူညီပံ့ပိုးရေးနိုင်ရန် ကျေးရွာသူ/သား များ မျှော်လင့်မိပါသည်။

ကျေးရွာတွင် သောက်သုံးရေအတွက် အဝီစိတွင်း/စက်တပ် ရေကိုသာ အဓိကထားသုံးစွဲကြပြီး နွေရာသီတွင် အခက်အခဲဖြစ်ပြီး မိုးတွင်းနှင့် ဆောင်းတွင်းတွင် အတော်အသင့် အသုံးပြုရပါသည်။

ကျေးရွာတွင် ချမ်းသာသောအိမ်ထောင်စုများက ရေလောင်းအိမ်သာများ တည်ဆောက်ထား အသုံးပြုကြပြီး ဆင်းရဲသောအိမ်ထောင်စုများက ဝါးထရံများဖြင့် တည်ဆောက်ထားကြပါသည်။ ယင်လုံအိမ်သာများ တစ်ရွာလုံးနီးပါးမျှ သုံးစွဲကြသော်လည်းယင်လုံမဟုတ်သော ကျင်းတက်အိမ်သာများလည်း ရှိပါသည်။ ဆက်စပ်ဖြစ်ပွားတတ်သော ရောဂါများမဖြစ်ပွားအောင် အသိပညာပေးဝန်ဆောင်မှုများ ပံ့ပိုးပေးစေလိုပါ သည်။

## (ဆ) လူငယ်နှင့် ယဉ်ကျေးမှု

ကျေးရွာတွင် လူငယ်များအတွက် အပန်းဖြေအနားယူနိုင်သည့် အနေအထားမရှိပေ။ ကျေးရွာရှိ ကျေးရွာသူ/သားများသည် လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေး ပွဲတော်များတွင်လည်း ရိုးရာယဉ်ကျေးမှုအကများဖြင့် တင်ဆက်ပါဝင်ကြသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း (VDP)လုပ်ငန်းအဖြစ် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းဆောင်ရွက် ရာတွင်လည်း တက်ကြွစွာပါဝင် လုပ်အား ပေးကြသည်။

## (ဇ) အခြေခံအဆောက်အဦ၊ လမ်းတံတား၊ လျှပ်စစ်စွမ်းအင်၊ သတင်းနှင့်ဆက်သွယ်ရေး

ကျေးရွာတွင်းလမ်း များမှာ မြေသားလမ်းဖြစ်ပါသည်။ ရွာတွင်းလမ်းများမှာ ပွင့်လင်းရာသီတွင် သွားလာရအဆင်ပြေပြီး မိုးတွင်း ကာလများတွင် သွားလာရအခက်အခဲရှိပါသည်။ လမ်းပန်းဆက်သွယ်ရေးအတွက် မော်တော် ဆိုင်ကယ်၊ ထော်လာဂျီနှင့် လေးလုံးထိုးကားတို့ကို အသုံးပြုကြသည်။

ကျေးရွာတွင် မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးရရှိထားခြင်း မရှိသေးပါ။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေး ဝန်ဆောင်မှုများရှိပြီးလူမှုရေး၊ စီးပွားရေးဝန်ဆောင်မှု လုပ်ငန်းများအတွက် အဆင်ပြေနေပါ သည်။

ကျေးရွာတွင် အင်တာနက်အသုံးပြုမှုနှင့် သတင်းအချက်အလက်များရရှိနေကြပါသည်။ ကျေးရွာတွင် စာကြည့်တိုက်ရှိပြီး စာပေဖတ်ရှုခြင်းနှင့် သတင်းအချက်အလက်နားထောင်ခြင်း၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး အသိအမြင် ဗဟုသုတများ ရရှိကြပါသည်။

## (ဈ) တည်ငြိမ်အေးချမ်းရေး၊ ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်းများမရှိသလောက်ကို နည်းပါးပါသည်။ တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေပါသည်။ လူကုန်ကူးမှုနှင့် အိမ်တွင်းအကြမ်းဖက်မှုများ မတွေ့ရပါ။ ကျေးရွာတွင်း သဘာဝဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ် သီးသန့်ရေးဆွဲထားခြင်း မရှိသေး ပါ။ ကျေးရွာသည် ရဲစခန်းသို့ အလွယ်တကူချိန်ဆက်နိုင်ပြီး ရာဇဝတ်မှုဖြစ်ပွားခြင်းမရှိပါ။

## ၅။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေများ

ကျေးရွာတွင် မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးမရရှိသေးပါ။ မိမိတို့မိသားစု၏ တစ်ပိုင်တစ်နိုင် ဆိုလာများဖြင့်သာ အသုံးပြုနေကြရပါသည်။ အကယ်၍ မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးများရရှိခဲ့ ပါလျှင် ထင်းသုံးစွဲမှုများသက်သာကာ သဘာဝသစ်တောများပြုန်းတီးခြင်းမှ ကာကွယ်ရာရောက်ပြီး လူနေမှု အဆင့်အတန်းများလည်း ပိုမိုမြင့်မားကာ ကျောင်းသား/သူများအတွက် စာသင်စာဖတ်ရာတွင် အဆင်ပြေ စေနိုင်ပါသည်။ ကျေးရွာရှိ လူငယ်များသည် အသိပညာဗဟုသုတများ နည်းပါးကြပါသည်။ ဗဟုသုတ အသိပညာနှင့်အသက်မွေးဝမ်းကျောင်းသင်တန်းများကို လူငယ်များအား လေ့ကျင့်သင်ကြား ပေးခြင်းဖြင့် လူသားအရင်းအမြစ်များကို တိုးတက်ကောင်းမွန်စေမည်ဖြစ်ပါသည်။ ကျေးရွာလူထု၏ ကျန်းမာရေး အခြေအနေမှာ ယေဘူယျအားဖြင့်ကောင်းမွန်ကြပါသည်။ ကျေးရွာသူ/သားများအနေဖြင့် စိုးရိမ်ရသော ဆေးဝါးကုသလိုမှုအတွက်လည်း မြို့နယ်ပြည်သူ့ဆေးရုံသို့သွားရောက်ပြီး ဆေးကုသမှုများ ခံယူနိုင်ကြသည်။ သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည်မြေပြန့်ဖြစ်ပြီး မြေဆီသြဇာ အတော်အသင့် ကောင်းမွန်သည်။ တောင်သူများသည် လယ်ယာထွက်ကုန်များကို အလွယ်တကူ သယ်ယူပို့ဆောင်ပေးနိုင်သည်။ မိုးရွာသွန်းမှုမှာ စပါးနှင့်ဆောင်းသီးနှံစိုက်ပျိုးရန် အထောက်အပံ့ ဖြစ်စေ ပါသည်။ သဘာဝ အလျောက် ထွက်ရှိသော စိမ့်စမ်းရေများဖြင့်လည်း စိုက်ပျိုးနိုင်ပါသည်။

ကျေးရွာတွင် မွေးမြူရေးထွက်ကုန်ရောင်းချရန် ဈေးကွက်အတော်အသင့်ရှိပါသည်။ ဒေသဝက် မွေးမြူမှုများ တိုးချဲ့မွေးမြူနိုင်ရန် အခွင့်အလမ်းသာသည်။ သို့သော် မွေး/ကုသဦးစီးဌာနမှ လိုအပ်သော နည်းပညာပိုင်းဆိုင်ရာပံ့ပိုးမှုကိုလည်း တိုးမြှင့်ပေးရန် ဆောင်ရွက်ပေးသင့်ပါသည်။

ကျေးရွာတွင် ရာဇဝတ်ဖြစ်ပွားမှုမရှိခြင်းကြောင့် တည်ငြိမ်အေးချမ်းကာ ကုန်စည်ကူးသန်း ရောင်းဝယ်မှုကို ချောမွေ့စေပါသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းနှင့် အင်တာနက်အသုံးပြုနိုင်မှုမှာ ကောင်း မွန် မှုရှိပြီး သတင်းအချက်အလက်များအတွက်လည်း အသုံးပြုနိုင်သည်။

### (ခ) အဟန့်အတားနှင့်စိန်ခေါ်မှု

ကျေးရွာရှိ လယ်မြေများမှာ မြေဆီလွှာအသင့်အတင့်ကောင်းမွန်သည်မှအပ အခြားသယံဇာတ များ မထွက်ရှိပါ။ လယ်မြေများကို ထပ်မံတိုးချဲ့ရန်မှာ မဖြစ်နိုင်သဖြင့် လယ်သမားများအဖို့ အထွက်နှုန်း တိုးမြှင့်အောင် အားစိုက်ရပေမည်။ အော်ဂဲနစ်သဘာဝမြေသြဇာများ အသုံးပြုမှုမရှိခြင်းကြောင့် မြေဆီ မြေသြဇာများ ယုတ်လျော့လာပါသည်။ ချေးငွေများအချိန်မီမရရှိခြင်းနှင့်သွင်းအားစုမျိုးစေ့များ အချိန်မမီ ခြင်း၊ ကျွမ်းကျင်လုပ်သားများရှားပါးကာ ငှားရမ်းခဈေးကြီးနေခြင်း သစ်တောများပြုန်းတီးခြင်းကြောင့် မိုးခေါင် ကာစိုက်ပျိုးရေ လုံလောက်မှုမရှိခြင်းများ တစ်ခါတစ်ရံကြုံရပါသည်။ ကျေးရွာတွင် အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းမရှိသဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေပုံမှန်ရရှိရေးအတွက် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်း တွင် နည်းပညာအကူအညီနှင့် ဝန်ဆောင်မှုများ မရှိပါ။

## ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီး လာမည့်(၅)နှစ်တာ ကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်ကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

(က-၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးခြင်း၊ အသက်မွေးဝမ်းကျောင်းပညာများ သင်ယူလေ့လာ ခြင်းမှတစ်ဆင့် ဝင်ငွေများ ရှာဖွေနိုင်စွမ်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရမည်။

(က-၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုလွယ်ကူသောကျေးရွာရှိကလေးများ၏ ပညာရေး ဝန်ဆောင်မှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဖွံ့ဖြိုးတိုးတက်လာစေရမည်။

(က-၃) ကျွန်ုပ်တို့ကျေးရွာလူထုသည် အသက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးအုပ်စုများ ဖွဲ့စည်းပြီး ကျေးရွာ အခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြှင့်မားလာမှုမှတစ်ဆင့် စီမံခန့်ခွဲမှုယန္တရား တိုးတက် လာစေရမည်။

### (ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်ကို ရောက်ရှိရန် အောက်ပါ အကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

(ခ-၁) ကျေးရွာတွင်အရင်းအနှီးငွေ၊ နည်းပညာနှင့်နည်းပညာအသုံးချနိုင်စွမ်းရရှိရေးတို့ကို ဆောင်ရွက် ပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစား ငွေကြေးလုပ်ငန်းနှင့်ချေးငွေများအတွက် မြို့နယ်ရှိဘဏ်များ၊ရင်းနှီးငွေရရှိနိုင်မည့်အခြား နေရာ များနှင့် ချိတ်ဆက်ပေးကာ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။ အလားတူပင် ကျေးရွာတွင် စိုက်ပျိုး ရေး၊ မွေးမြူရေး နည်းပညာများထွန်းကားလာရေးအတွက် နည်းပညာသင်တန်းများ တက်ရောက်နိုင်ရန် သက်ဆိုင်ရာနည်းပညာဌာနများနှင့် ချိတ်ဆက် ဆောင်ရွက်မည်။ ရရှိထားသော နည်းပညာများကို ကျေးရွာတွင်မျှဝေပေးပြီး မိမိတို့ကိုယ်တိုင် ကလည်း ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချကာ ထုတ်လုပ်မှု တိုးတက်စေမည်။

(ခ-၂) ကျွန်ုပ်တို့သည် အပ်ချုပ်၊ ဆံပင်ညှပ်၊ စက်ပြင်၊ မော်တော်ဆိုင်ကယ်ပြင်ခြင်းနှင့် မိုဘိုင်းဖုန်း ပြုပြင်ခြင်း စသောသင်တန်းသား တက်ရောက်နိုင်ရန် စီစဉ်ပေးမည်။ ထိုသင်တန်းများသည် သင်တန်းသားများအတွက် ကျွမ်းကျင်မှုများတိုးပွားရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင် တိုးချဲ့နိုင်ရန် အရင်းအနှီး မတည်ပေးသော အဖွဲ့အစည်းများဖြင့် စီစဉ်ချိတ်ဆက် ပေးမည်။

(ခ-၃) ကျွန်ုပ်တို့ကျေးရွာတွင် မူလတန်းပညာရေးကျောင်းရှိပြီး မူလွန်ကျောင်းမရှိသေးသောကြောင့် ကျေးရွာ တွင် ကလေးများ၏ ပညာရေးကဏ္ဍတွင် အခက်အခဲမရှိ လွယ်လင့်တကူ ပညာ သင်ကြားနိုင်ရန်မူလွန်ကျောင်း(၁)ဆောင်လုပ်ခြင်းဖြင့်အခက်အခဲကြားတွင် ပညာသင်နေရသော ကလေးငယ်များ၏အနာဂတ် ပညာရေးဖွံ့ဖြိုးရေးတိုးတက်မှုများ ဆောင်ရွက်မည်။ ပညာရေး

ဌာနနှင့် ချိတ်ဆက်ပြီးမူလွန်ကျောင်းရရှိရန်အတွက် ကော်မတီများဖွဲ့စည်းကာ ကြိုးပမ်းဆောင်ရွက် သွားမည်။

(ခ-၄) ကျေးရွာတွင် ကျေးရွာလမ်းနှင့်ကျေးရွာ၏ အခြေခံအဆောက်အဦများ တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။ တစ်ချိန်တည်းတွင်ကျေးရွာအဆောက်အဦများကို အသုံးပြုစီမံခန့်ခွဲထိန်းသိမ်းရေးအတွက် စီမံခန့်ခွဲနိုင်စွမ်းကိုလည်း တိုးတက်အောင်ဆောင်ရွက်သွားကြမည်။ ကျေးရွာလူမှုအဖွဲ့အစည်းကိုလည်းကျေးရွာအခြေပြုလုပ်ငန်းများအကောင်အထည်ဖော်

စီမံခန့်ခွဲနိုင်ရန်ခေါင်းဆောင်မှုစွမ်းရည်များပိုမိုရရှိဆောင်ရွက်ရန်တိုက်တွန်းအားပေးဆောင်ရွက်မည်။ ကျေးရွာတွင် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာကြံ့ခိုင်ပြီး လူနေမှုအဆင့်အတန်း၊ လူမှုစီးပွားဖွံ့ဖြိုးလာစေရန်၊ မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးများရရှိရေးကို လျှပ်စစ်နှင့် စွမ်းအင်ဌာနတို့ကို ချိတ်ဆက်ပြီးအကောင်အထည်ဖော်ဆောင်ရွက်သွားပါမည်။ ကျေးရွာလူထု (၉၅%) သည် အဝီစိတွင်း/စက်တပ် ရေကိုအများဖြင့်ကိုအသုံးပြုကြသည်။

## ၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီ ဖြေရှင်းပေးရမည့်ကိစ္စများ-

အစိုးရ၏ မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရနှင့် ပြင်ပအဖွဲ့အစည်းတို့ထံမှ ရရှိမည်ဟုမျှော်လင့်မိပါသည်။ ကျွန်တော်တို့ ကျေးရွာသူ/သားများကိုယ်တိုင်အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကိုပြန်လည်စီစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့်ဖွံ့ဖြိုးရေးအစီအစဉ် များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စီစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေး စီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့် နှစ်ပတ်လည် ဖွံ့ဖြိုးရေးစီမံချက် ပြင်ဆင်ရန်ဖြစ်သည်။

### (ခ) စိုက်ပျိုးမြေများထိရောက်စွာအသုံးချနိုင်ရေး

ကျေးရွာတွင် ပြောင်းသီးနှံအပြင် ပန်းနှမ်း၊ ပဲပုတ်နှင့်မြေပဲတို့ကို သီးထပ်အဖြစ် စိုက်ပျိုးကြသည်။ တောင်သူများသည် သီးနှံအထွက်တိုးစေရန် သဘာဝမြေဩဇာများ မရရှိခြင်းသည် အဓိကပြဿနာတစ်ရပ် ဖြစ်ပြီး၊ သဘာဝမြေဩဇာပြုလုပ်မှုနည်းစနစ်များရရှိရန် လိုအပ်သည်။ တောင်သူများသည် စိုက်ပျိုးရေး ထုတ်ကုန်ပုဂ္ဂလိက အရောင်းဆိုင်များကိုသာ သဘာဝ မဟုတ်သော မြေဩဇာများကို ဈေးနှုန်းကြီးကြီးဖြင့် ဝယ်ယူသုံးစွဲနေကြကာ ဝင်ငွေလျော့နည်းမှုများ ဖြစ်စေပါသည်။ သဘာဝမြေဩဇာ အသုံးပြုပုံနှင့် နည်းပညာများကို စိုက်ပျိုးရေးဦးစီးဌာနက ဝန်ဆောင်မှုများ ပေးရန်လိုအပ်ပါသည်။

**(ဂ) ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းများ**

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊အလယ်အလတ်တောင်သူနှင့် တောင်သူကြီး အတွက်လိုအပ်သော ချေးငွေအချိန်မီရရှိရန် စနစ်များပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် လယ်သမားနှင့် အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့်အသေးစားလုပ်ငန်းများအတွက် အထိုက်အလျောက်များပြားသည့်ချေးငွေများ လိုအပ်ပါသည်။ လယ်ယာစိုက်ပျိုးရေးဘဏ်မှထုတ်ချေးသော မိုးစပါးကြိုငွေများ ကိုလည်း အချိန်မီစိုက်ပျိုးရန်အတွက် ကာလများပြောင်းလဲသတ်မှတ်ကာ ထုတ်ချေးသင့်ပါသည်။

**(ဃ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာ အထောက်အပံ့**

ကျေးရွာတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာမည့်အလားအလာရှိပြီး အလုပ်အကိုင်နှင့်အမြတ်အစွန်းများရရှိရန် အထူးသဖြင့် လူငယ်နှင့်အမျိုးသမီးများအတွက် အခွင့်လမ်းများရှိပါသည်။သို့သော် ၎င်းတို့တွင်လုပ်ငန်းဆိုင်ရာ၊ စီမံအုပ်ချုပ်မှုနည်းပညာ၊ ဈေးကွက်နှင့်သတင်းအချက်အလက် များလက်လမ်းမီမှုတွင် အားနည်းပါသည်။ ကျေးရွာတစ်ရွာလုံး၏ အမျိုးမျိုးကွဲပြားနေသော လုပ်ငန်းအတွက် လုပ်ငန်းစီမံခန့်ခွဲရေး ထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင် ထည့်သွင်းရေးဆွဲရန်ခက်ခဲပါသည်။ ကျွန်တော်တို့ကျေးရွာမှ အသေးစားလုပ်ငန်းအတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းသစ်များ ယခုအခါ အဆင်သင့်မတွေ့ရှိရသေးပါ။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု အဖွဲ့တစ်ခုထူထောင်ပြီး မြို့နယ်အဆင့်စီမံခန့်ခွဲရေး အောက်တွင်ထားရှိကာ တစ်နှစ်ပတ်လုံး ဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။ ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင်အချို့နှင့် တိုးချဲ့ပညာရေးဝန်ထမ်း အချို့ပါဝင်မည်ဖြစ်ပြီး မြို့နယ်ဒေသမှသည် ကျေးရွာအထိလိုအပ်သော စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှု အထောက် အကူပြု လုပ်ငန်းများကို ဆောင်ရွက် ရန်အတွက် လုံလောက်သော ရန်ပုံငွေလည်းရှိရပါမည်။

**၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ**

စီမံချက်များသည် အကောင်အထည်ဖော်မည့် ဗျူဟာများကိုလုပ်ငန်းဆောင်ရွက်များအဖြစ် သဘောထားနားလည်နိုင်စေမည့်ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့်စီမံချက်များသည် (၅)နှစ်တာ စီမံချက်ကာလအတွင်း ချမှတ်ထားသောပန်းတိုင်များကို ရောက်ရှိရန်ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း**

ကျေးရွာလူထုက(၅)နှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုသည့်ကာလက ဖော်ထုတ်ဦးစားပေး တန်းစီခဲ့ကြသည့်စီမံချက်များသည် မည်သို့မျှပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် (၂)နှစ်၊ (၃)နှစ်ကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း (၅)နှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ဖြစ်ပါ၍ ရေးဆွဲထားသည့် (၅)နှစ်တာ စီမံချက်သည် ပြင်းထန်သော သဘာဝဘေး အန္တရာယ်ကဲ့သို့ ထိခိုက်စရာများမပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ်တိုး

လာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါသည်။ထို့ကြောင့် (၅)နှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်၏ ဗျူဟာမြောက်မူဘောင်တွင်နှစ်ပတ် လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွား ကြပါသည်။

**(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာ အချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီးအုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်း အုပ်စုသတ်မှတ်ခြင်း (Functional Classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများ သိရှိနားလည်စေပါသည်။ ရင်းနှီးမြှုပ်နှံမှု အမျိုး အစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification) သည် စီမံချက်ကို အကဲဖြတ်ရာ တွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံး စရိတ်၊ စွမ်းဆောင် ရည်မြှင့်တင်ရေး လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက် အကူ ပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional Classification) ဝန်ကြီး ဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏ လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍ အပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic Classification) တွင် သာမန်အသုံးစရိတ်၊ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်ဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်၊လူသား ချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ကျေးရွာလူထု သည်နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့်ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များဦးစားပေး အစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ အချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများ ရရှိရန်လည်းလိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေး စီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ**

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများ ကို အောက်ပါအတိုင်းဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | စီမံချက်လုပ်ငန်းအမည် | ဦးစားပေးအဆင့် | ၂၀၂၂-၂၀၂၃ | ၂၀၂၃-၂၀၂၄ | ၂၀၂၄-၂၀၂၅ | ၂၀၂၅-၂၀၂၆ | ၂၀၂၆-၂၀၂၇ |
|---|---|---|---|---|---|---|---|
| ၁။ | ကွန်ကရစ်လမ်းခင်းခြင်း | ၁ | ✔ | | | | |
| ၂။ | ကျေးရွာချင်းဆက်လမ်းခင်းခြင်း | ၂ | | ✔ | | | |
| ၃။ | ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း | ၃ | | | ✔ | | |
| ၄။ | ကျေးရွာခန်းမဆောင် | ၄ | | | | ✔ | |
| ၅။ | ဆိုလာ မီးလင်းရေး | ၅ | | | | | ✔ |

## ၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ (indicative) အဖြစ် ကိုးကားရန် ပမာဏသာဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သောဘတ်ဂျက် ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး အဖွဲ့သည် တချို့စီမံချက်များကိုရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ဝန်ဆောင် မှုပေးသည့်လုပ်ငန်းများထံမှ ဘတ်ဂျက်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေးအကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသား မဟုတ်သောထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြ ထားခြင်းမရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု ဥပမာ- လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

| စဉ် | စီမံချက် | ရန်ပုံငွေ | ရင်းနှီးမြှုပ်နှံမှုအရ အုပ်စုသတ်မှတ်ခြင်း (ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | လူသားချင်းစာနာမှုအထောက်အပံ့ |
| ၁။ | ကွန်ကရစ်လမ်းခင်းခြင်း | | | | | |
| ၂။ | ကျေးရွာချင်းဆက်လမ်းခင်းခြင်း | | | | | |
| ၃။ | ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း | | | | | |
| ၄။ | ကျေးရွာခန်းမဆောင် | | | | | |
| ၅။ | ဆိုလာ မီးလင်းရေး | | | | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့်နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေး၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင်ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံးအကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် ပေါင်းစပ်ညှိနှိုင်းရေးနှင့်စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန်ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန် တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာထုတ်ကုန်လမ်း အဆင့်မြှင့် ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါ သည်။

### (ခ) ဖွံ့ဖြိုးရေးမိတ်ဆက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါသည်။ ကျွန်ုပ်တို့ကိုယ်တိုင် မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေး တိုးတက်ဆောင်ရွက်ရန်၊မြို့နယ်ပညာရေးဌာနနှင့်ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာထုတ်ကုန်လုပ်ငန်းအဆင့်မြှင့်တင်ရန် မြို့နယ်ဌာနနှင့်ဆက်သွယ်၍ အကူအညီများရယူရပါမည်။

### (ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင်လိုအပ်ပါသည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေး စသည့်လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုပေးသည့်အဖွဲ့များ၊ (နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုး ရေးအဖွဲ့အစည်း များ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ က စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ် ကိစ္စများကိုသာကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံးလွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ က တာဝန်ပေး ထားသောအဖွဲ့ခွဲ၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက် ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် တာဝန်ပေးထားသောအဖွဲ့ခွဲကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့်နီးနီးကပ်ကပ် ဆောင်ရွက်ပူးပေါင်း ပါမည်။

**(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကိုဆောင်ရွက်မည်။ ထို့အပြင် ကွန်ကရစ်လမ်းပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာအဖွဲ့ခွဲအားတာဝန်အပ်နှင်းဆောင်ရွက်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့်ဆောင်ရွက် ပါမည်။

**၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ် လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း**

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းအကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေ အနေများစနစ်တကျကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့်ဆောင်ရွက်ပါမည်။ သို့မှသာရည်ရွယ် သည့်အတိုင်းကြီးကြပ်စစ်ဆေး အကဲဖြတ်သည့်လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့် မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများတက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ ဆောင်ရွက်နိုင်ရန် သင့်တော်သောအဖွဲ့အစည်းစနစ် လုပ်ထုံးလုပ်နည်း လုပ်ငန်းများတည်ဆောက်ပါမည်။

**(က) ကြီးကြပ်စစ်ဆေးခြင်း (Monitaring)**

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှုနှင့် ငွေကြေးဆိုင်ရာ တိုးတက်မှုတို့ကို စနစ်တကျကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ်အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ် ပါမည်။

အဖွဲ့ခွဲအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ ရရှိအောင်ဆောင်ရွက်ပြပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များသည် စီမံကိန်း၏တိုးတက်မှုကိုတိုင်းတာမည့်အညွှန်းကိန်းများဖြစ်ပါမည်။ (၃)လပတ်ကုန်ဆုံးချိန်တိုင်းတွင် အဖွဲ့နှင့်အဖွဲ့ခွဲအသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှုအစီရင်ခံစာကို ရွာလူထုအစည်းအဝေး၌အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့မှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

**(ခ) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု**

✦ စီမံကိန်းလုပ်ငန်းများ လုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတား

✦ အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲ အဟန့်အတားများနှင့် ပြုပြင်သင့်သော

အဆိုပြုချက်များ။

✦ ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

**(၂) ငွေကြေးဆိုင်ရာတိုးတက်မှု**

✦ ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအနှီးလိုအပ်ချက်များ စုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)

✦ (၃)လပတ်ကုန်တွင်ရှိသော ငွေသားနှင့် အခြားလက်ကျန်၊

✦ ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအမြစ်များ စုဆောင်ရာတွင်ကြုံတွေ့နေရသော အခက်အခဲများ ၊ ပြဿနာများ၊

✦ ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ သည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင် ဆင်ပြီးသက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီ ရင်ခံစာသည် စာမျက်နှာ၂/၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။၄င်းအစီရင်ခံ စာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ ၊ ကျေးရွာသူ/သားများ ပြုပြင် ပြောင်းလဲဆောင်ရွက်မည့် အစီအစဉ်များ လိုအပ်သော အကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင် ပါသည်။

**(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်း အကဲဖြတ်ပွဲ**

စီမံကိန်းကာလ နှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ်အကဲဖြတ်ကြပါသည်။ ဤနှစ်ပတ်လည်သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏တိုးတက်မှုအခြေအနေများကို အောက်ပါအဖွဲ့အစည်းပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေး တင်ပြနိုင်သော အခွင့်လမ်းဖန်တီးနိုင်ရန်ဖြစ်ပါသည်။

**ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ**

✦ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ၊ (ငွေကြေးထည့်ဝင်သူများ ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ) သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ စသည်တို့ ဖြစ်ပါသည်။ နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင် သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင်ဆောင်ရွက်နိုင်မည် ဖြစ်ပါ သည်။

**(ဂ) နည်းပညာဆိုင်ရာအကူအညီ**

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့်စီမံဆောင်ရွက်စဉ်အစကနဦးကာလတွင် အချိန်ပိုင်း အလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာအကူအညီများကို မြို့နယ် အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်ပါသည်။

**မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**သီပေါမြို့**

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | ၃နို့စို့အရွယ် | _ | ၆ | ၆ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၁၁ | ၁၃ | ၂၃ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၁၉ | ၁၁ | ၂၄ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၂၃ | ၂၇ | ၄၈ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၁၈ | ၁၁၉ | ၂၂၇ | | |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | _ | ၃ | ၃ | | |
| စုစုပေါင်း | | ၁၇၁ | ၁၇၉ | ၃၅၀ | | |
| စုစုပေါင်း အိမ်ထောင်စု | | ၇၅ | | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

